# သတင်းနှင့်ဆက်သွယ်ရေးအခြေအနေကိုလေ့လာခြင်း
## Information Access Survey (IAS)




သတင်းနှင့်ဆက်သွယ်ရေးအခြေအနေလေ့လာခြင်းကိုရှင်းပြပါ။

သတင်းနှင့်ဆက်သွယ်ရေးအခြေအနေကိုလေ့လာခြင်း(IAS)ဖြင့်အောက်ပါလုပ်ငန်းများဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

- လိုအပ်သောသတင်းအချက်အလက်ရရှိနိုင်မှုအခြေအနေကိုသိရှိရန်ဆောင်ရွက်ခြင်း
- သတင်းနှင့်ဆက်သွယ်ရေးစွမ်းဆောင်မှုတွင်  စရိတ်ချိုးချန်နိုင်သောနည်းလမ်းများဖေါ်ထုတ်ခြင်း၊
  - ရေနေသက်ရှိသယံဇာတများကိုမှီခိုအသက်မွေးဝမ်းကြောင်းလျက်ရှိကြသောကျေးလက်နေဆင်းရဲနွမ်းပါးသူများအတွက်  သတင်းနှင့်  ဆက်သွယ်ရေးနည်းလမ်းများကိုအကြံပြုနိုင်ခြင်း။



ဘာလုပ်နိုင်မှာလဲ  ဘယ်လိုအသုံးပြုနိုင်မှာလဲ



လိုအပ်သော  သတင်းများရရှိနိုင်မှုအခြေအနေကိုသိရှိနိုင်ပါမည်။  လုပ်ငန်းဆောင်ရွက်ရန်အခြေခံအဖွဲ့များ၊  အများနှင့်ဆက်သွယ်နိုင်မည့်  အကောင်းဆုံးနည်းလမ်းများကိုသိရှိနိုင်ပါမည်။  သတင်းနှင့်ဆက်သွယ်ရေးအခြေအနေလေ့လာခြင်းဖြင့်  ရရှိမည့်အကျိုးကျေးဇူးများကို  အောက်တွင်  ဖေါ်ပြထားပါသည်။

ဖိလိပိုင်နိုင်ငံ၏ကမ်းခြေကျေးလက်များတွင်  ရေဒီယိုသည်ပေါ်ပျူလာအဖြစ်ဆုံး  သတင်းဆက်သွယ်ရေးကရိယာဖြစ်ပါသည်

ရောင်စုံရုပ်ပုံကားချပ်၊ပန်းချီ၊ဓါတ်ပုံများတွင်မိမိဘာသာဖြင့်ရှင်းလင်းစွာရေးသားဖော်ပြရန်အရေးကြီးပါသည်။

ဗီယက်နမ်တွင်  ပြည်သူများအတွက်သတင်းအစီအစဉ်ကို  ရေဒီယိုမှသီးခြားထုတ်လွှင့်ပေးပြီး  ကျေးလက်တောရွာ ၅၀၀၀ ခန့်တွင်အများကြားသိနိုင်ရန်လော်စပီကာဖြင့်ဖွင့်ပေးထားပါသည်

ထိုးတန်းစဉ်လာအရ  ကျေးရွာအကြီးအကဲများ၊ဘုန်းတော်ကြီးများနှင့်  သက်ကြီးရွယ်အိုများကပြောပြသောသတင်းအကြောင်းအရာများကိုသာသိရှိကြပါသည်

ကမ္ဘောဒီးယားတွင်ဘဝသရုပ်ဖော်ဇာတ်လမ်းများ၊ဟာသဇာတ်လမ်းများကိုနှစ်သက်ကြပါသည်။ ဇာတ်စင်ဖြင့်ကပြခြင်း၊  ရေဒီယိုနှင့်ရုပ်မြင်သံကြားဖျော်ဖြေခြင်း၊အော်ပရာများ၊ဇာတ်လမ်းတွဲများ၊ဇာတ်လမ်းပဓာများထုတ်လွှင့်ခြင်းသည်ထိရောက်သောဆက်သွယ်ရေးယန္တယားများဖြစ်ပါသည်။

ဗီယက်နမ်ပြည်သူတို့သည်  စာဖတ်ခြင်းတွင်မွေ့လျော်ကြပါသည်

ဖိလိပိုင်တွင်  ရောင်စုံကာတွန်းပုံများပါရှိပြီး  ရိုးရှင်းအသုံးအနှုန်းဖြင့်ရေးသားထားသောမေတ္တာဖွဲ့ ရုပ်ပြဇာတ်လမ်းစါအုပ်များကို  နှစ်သက်ကြပါသည်။

## သတင်းနှင့်ဆက်သွယ်ရေးရရှိမှုကိုလေ့လာခြင်း(IAS) အစပိုင်း



**IAS** ကိုလုပ်ငန်းအမျိုးအစားအလိုက်အသုံးချနိုင်ပါသည်။ဆင်းရဲနွမ်းပါးသောကျေးလက်ဒေသများ၌ ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရန်သတင်းနှင့် ဆက်သွယ်ရေးလိုအပ်မှုကိုသိရှိနိုင်မည်ဖြစ်ပါသည်။

**IAS** သည် လုပ်ငန်းစီမံကိန်းများကိုကြိုတင်ရေးဆွဲရာတွင်အရေးကြီးသောအခန်းမှပါဝင်လျက်ရှိပါသည်။

**IAS** အကောင်အထည်ဖေါ်ရာတွင်–

- ဖွံ့ဖြိုးရေးဆောင်ရွက်ရန်ရည်မှန်းသော ကျေးလက်ဒေသ၏လိုအပ်ချက်များကို ထည့်သွင်းဖေါ်ပြရန်
- လူအများပါဝင်ဆောင်ရွက်ရန်
- လူမှုရေးအရသော်လည်းကောင်း၊ ဓလေ့ထုံးစံအရသော်လည်းကောင်း လက်ခံနိုင်ရန်
- အခြေအနေနှင့်လိုက်လျောညီစွာဆောင်ရွက်နိုင်ရန် Flexible ဖြစ်ရန်
- လက်တွေ့အကောင်အထည်ဖေါ်နိုင်မည့်အကြောင်းအရာများကိုသာအကြံပြုဖေါ်ပြရန်

**IAS** ဆောင်ရွက်ရန် လုပ်ငန်းအစီအစဉ်ရေးဆွဲခြင်း၊ ဖွဲ့စည်းခြင်းကို ရှေးဦးဆောင်ရွက်ရပါမည်။ မေးခွန်းလွှာများဖြင့်စတင်ဆောင်ရွက်ရ ပါမည်။

ဘာကြောင့်သည်အလုပ်ကိုလုပ်ပါသနည်း။ဘယ်လိုသတင်းအချက်အလက်သိရှိလိုပါသနည်း

သတင်းအချက်အလက်များရရှိရန်မည်ကဲ့သို့ဆောင်ရွက်မည်နည်း။ 'မည်သည့်နည်းလမ်းရွေးချယ်မည်နည်း။

မည်သူတွေနှင့်တွေ့ဆုံရမည်နည်း၊ သတင်းရရှိရန်မည်ကဲ့သို့ဆောင်ရွက်မည်နည်း။

မည်သူက မည်သည့်အချိန်မှာ ဘာကို လုပ် မည် နည်း



မိမိသိလိုသော အကြောင်း အရာ များကို မည်ကဲ့သို့မေး မြန်းရမည်နည်း

နောက်တစ်ကြိမ်မှာပိုမိုကောင်းမွန်စွာဆောင်ရွက်နိုင်ဘို့ဘယ်လိုလုပ်ကြမည်နည်း။

အကူအညီပေးခဲ့သူများမည်သို့ပြန်လည်ရှင်းလင်းပြောပြခြင်းနှင့်အကြံပြုခြင်းကိုဘယ်နည်းနဲ့ပြုလုပ်မည်နည်း။

အချိန်ဘယ်လောက်များများရပါသနည်း။ ဆောင်ရွက်ရန်အချိန်မည်မျှလိုအပ်ပါသနည်း။

# သတင်းနှင့်ဆက်သွယ်ရေးရရှိမှုအခြေအနေလေ့လာခြင်း IAS လုပ်ငန်းစဉ်



**IAS** ကို မည်ကဲ့သို့အဆင့်ဆင့် ဆောင်ရွက်ရမည်နည်း

သည်လိုစလုပ်ပါ



### ပထမ အဆင့်
### IAS ဆောင်ရွက်ခြင်း တွင်အကြုံးဝင်သော နေရာများကို ဖေါ်ပြပါ

- လူဦးရေ
- စါတတ်မြောက်မှု
- ဘာသာစကါး၊ လူမျိုးစု မြို့ပြ ကျေးလက် ကျား မ



### ဒုတိယ အဆင့်
### လက်ရှိ ဆက်သွယ်ရေးအခြေအနေကိုသိရှိနိုင်ရန်ဆောင်ရွက်ပါ

- ဆက်သွယ်ရေးရရှိမှုအခြေအနေ (စနစ်တကျရှိခြင်း / အလျဉ်းသင့်ဆောင်ရွက်ခြင်း)
- အိမ်ထောင်စုများတွင်ရေဒီယို၊ ရုပ်မြင်သံကြားစက်ရှိ /မရှိ (မိတ်ဆွေများ၊ဆွေမျိုးများနှင့် ဆက်သွယ်နိုင်မှုနည်းလမ်း)
- ရုပ်သံလွှင့်ပေးခြင်း /အသံ လွှင့်ပေးခြင်း
- လူကြိုက်များခြင်း
- ပြည်တွင်းထုတ်သတင်းစါနှင့် ဂျာနယ် မဂ္ဂဇင်း ရရှိမှု အခြေအနေ
- ပွဲလမ်းသဘင်၊ ပရိတ်သတ်လက်ခံမှု၊ ရုပ်သေး၊ ကခုံခြင်း၊ သီဆိုခြင်း



### တတိယအဆင့်
### အထောက်အပံ့ဖြစ်စေသောအကြောင်းအရာများနှင့်အကြောင်းရင်း

- လုပ်ငန်းဌာနများနှင့် မည်ကဲ့သို့ အဆက်အသွယ်လုပ်ပါသနည်း ?
- သတင်းတွေတိုက်ရိုက်ရရှိပါသလား? ရရှိသောသတင်းကိုအခြခံပြီးမည်ကဲ့သို့တိုးတက်ရန်ဆောင်ရွက်နိုင်ပါသနည်း?
- အဖွဲ့အစည်းများမည်ကဲ့သို့ကွာခြားကြပါသနည်း? (ဌာနဆိုင်ရာများ၊လူမှုရေးအဖွဲ့အစည်းများ၊အသင်းများ၊အစု၊ကျေးရွာအုပ်စုများ)
- လုပ်ငန်းဆောင်ရွက်ရန်အစီအစဉ်နှင့်နည်းလမ်းရှိပါသလား?
- သုတေသနလုပ်ငန်းအစီအစဉ်ရှိပါသလား? သတင်းအသစ်အဆန်းများကိုမည်သည့်နည်းဖြင့်ရရှိနိုင်ပါသနည်း?



### စတုတ္ထအဆင့်
### ရွာသူရွာသားများသည်သတင်းအချက်အလက်ရရှိရန်လိုလားမှုရှိ/မရှိ

- ရွာသူရွာသားများသည်မည်သည့်နည်းဖြင့်သတင်းအချက်အလက်ရယူလိုပါသနည်း ?
- မည်သည့်သတင်းဌာနကိုအသုံးပြုပါသနည်း?နှစ်သက်လိုလားပါသလား?ယုံကြည်မှုရှိပါသနည်း+?

### ပဉ္စမအဆင့်
### လိုအပ်ချက်များကိုဖော်ပြပါ

- သတင်းနှင့်ဆက်သွယ်ရေးတွင် လစ်ဟာသောနေရာများရှိပါသလား?
- မည်သည့်အရာလိုအပ်ပါသနည်း?သင်တန်း၊စာနယ်ဇင်း၊ဆက်သွယ်မှုနည်းလမ်း?

### မည်သည့်နည်းလမ်းကိုရွေးချယ်မည်နည်း?

IAS နည်းလမ်းများအနက် မည်သည့်နည်းလမ်းကိုအသုံးပြုမည်ကိုကြိုတင်ရွေးချယ်ရမည်၊၊ဥပမာအားဖြင့်–

| | | | |
|---|---|---|---|
| မေးခွန်းပုံစံများဖြင့်မေးမြန်းခြင်း | လုပ်ငန်းခွင်တွင်ဆွေးနွေးခြင်း | တွေ့ဆုံမေးမြန်းခြင်း | အခါအားလျှော်စွာတွေ့ဆုံ၍သော်လည်းကောင်း၊ စနစ်တကျစီစဉ်၍သော်လည်းကောင်း၊အစည်းအဝေးပြုလုပ်ခြင်း |

## သတင်းအချက်အလက်ရရှိရေးဆောင်ရွက်ခြင်း၊အစည်းအဝေး




### ဆက်သွယ်ရန်

### ပိုမိုအကျိုးရှိစေမည့်လုပ်ငန်းများဆောင်ရွက်ခြင်းလက်စွဲများ

ယခုစာစဉ်တွင်အောက်ပါလက်စွဲများလည်းပါဝင်ပါသည်။

- ကိုယ်ထူကိုယ်ထအဖွဲ့များ
- ညှိနှိုင်းသဘောတူညီမှုရယူခြင်း

ပိုမိုအကျိုးရှိစေမည့်လုပ်ငန်းများဆောင်ရွက်ခြင်းလက်စွဲစာစောင်များကို STREAM (မြန်မာ)ရုံး သို့မဟုတ် STREAM (ရုံးချုပ်) သို့မဟုတ် STREAM Website မှရရှိနိုင်ပါသည်။

ပိုမိုအကျိုးရှိစေမည့်လုပ်ငန်းများဆောင်ရွက်ခြင်းလက်စွဲစာစောင်များနှင့်ပတ်သက်၍အကြံပြုချက်များကိုတယ်လီဖုန်း၊အီးမေး(လ်)သို့မဟုတ်စာဖြင့်ရေးသား၍ သတင်းနှင့်ဆက်သွယ်ရေးမန်နေဂျာ (Communication Hub Manager) STREAM (မြန်မာ)သို့တစ်ဖက်ပါလိပ်စာအတိုင်းပေးပို့နိုင်ပါသည်။

**STREAM မြန်မာ**

မွေးမြူရေးဌာနခွဲ
ငါးလုပ်ငန်းဦးစီးဌာန
ဆင်မင်းလမ်း၊အလုံစာတိုက်
ရန်ကုန်မြို့
ဖုံး ၉၅၁ ၂၂၅၅၈၆
ဖက်(စ်) ၉၅၁ ၂၂၈၂၅၆
Email: aquadof@myanmar.com.mm

**STREAM ရုံးချုပ်**
c/oNACA
Department of Fisheries Complex
Kasetsart University Campus
Phaholyothin Rd
Bangkhen, Bangkok 10903
Thailand
Phone: 662 561 1728/29
Fax: 662 561 1727
Email: stream@enaca.org

**STREAM Website**
www.streaminitiative.org